www.foreverspace.com.mm


ဝန်းကျင်မှာ ရှုခင်းသာယာလှပေသည်။ ဟင်းသီးဟင်းရွက် သစ်သီး သစ်နှံ ပန်းမာလ်များ ကောင်းစွာ ဖြစ်ထွန်း၏။ တောင်စောင်း တောင်ခါးပန်းများတွင် ကာဖီ၊ စထရော်ဗယ်ရီ၊ နာနတ် စသော စိုက်ခင်းများကို မြင်နိုင်ပေသည်။ ထိုပြင် ဂေါ်ဘီထုပ်၊ ဂေါ်ဘီပန်း၊ ခရမ်းချဉ်စသည့် အပင်များနှင့် အင်္ဂလိပ်တို့ စတင်စိုက်ပျိုးသော ယူကလစ်ပင်၊ ထင်းရှူးပင်၊ ဝက်သစ်ချပင် စသည်တို့ကိုလည်း မေမြို့တွင် တွေ့မြင်နိုင်ပေသည်။ အထူးသဖြင့် အမျိုးသမီးတိုင်း ကြိုက်နှစ်သက်သည့် မေမြို့ဒေလီယာ၊ ဂန္ဓမာ စသည့် ပန်းရောင်စုံကား မေမြို့ကို အထူးတန်ဆာဆင်ပေသည်။

မြို့တွင်းရှိ လှပတင့်တယ်သော ရှုခင်းများသာမက မေမြို့၏ အနီးပတ်ဝန်းကျင်မှာလည်း အပန်းဖြေ လည်ပတ်ရန် နေရာများရှိလေသည်။ မေမြို့အလွန် ၇ မိုင်ခန့်အကွာတွင် အနီးစခန်းရေတံခွန် ရှိသည်။ ၁၅ မိုင်ခန့် အကွာတွင် ဝက်ဝံရေတံခွန်ရှိသည်။ ၃၅ မိုင်အကွာ မေမြို့-လားရှိုး ကားလမ်းပေါ်တွင် ဂုတ်ထိပ်တံတားရှိပေသည်။

မေမြို့သည် ရှေးမြန်မာမင်းများ လက်ထက်က ပြင်ဦးလွင်ဟု ခေါ်တွင်သည်။ ခရစ် ၁၈၈၆ ခုနှစ်တွင် ဘင်္ဂလားခြေလျင်တပ်မှ ဗိုလ်မှူးကြီးမေသည် ပြင်ဦးလွင်တွင် တပ်စွဲခဲ့သည်။ ယင်းဗိုလ်မှူးကြီးမေကို အစွဲပြု၍ မေမြို့ဟု တွင်လာလေသည်။ ရှေးအခါက မေမြို့မှာ ဓနုလူမျိုးများ နေထိုင်ရာအရပ်ဖြစ်၏။ ယခုမူကား အင်္ဂလိပ်၊ တရုတ်၊ အိန္ဒိယနှင့် ရှမ်းမြန်မာ အမျိုးသားပေါင်းစုံ နေထိုင်ရာအရပ် ဖြစ်သည်။ မေမြို့ရှိ လူဦးရေမှာ ၁၉၆၂ ခုနှစ် ခန့်မှန်း သန်ကောင်စာရင်းအရ ၂၈,၇၈၃ ခန့်ဖြစ်သည်။

**မေယုနယ်ခြားခရိုင်**။ ။မေယုနယ်ခြား ခရိုင်သည် နယ်ခြားအုပ်ချုပ်ရေးဌာနမှ တိုက်ရိုက်အုပ်ချုပ်ရန် ပြဋ္ဌာန်းထားသော ခရိုင်နယ်ဖြစ်၏။ နယ်ခြားအုပ်ချုပ်ရေးကို နိုင်ငံအစိုးရက ပြဋ္ဌာန်းကြေညာပြီးနောက် မေယုနယ်ခြားခရိုင်ကို လွှဲပြောင်း ပေးခဲ့သည်။ သို့သော် အကြောင်းကြောင်းတို့ကြောင့် လက်တွေ့အကောင်အထည် မဖော်နိုင်ခဲ့ပေ။ ၁၉၆၁ ခုနှစ် မေလ ၃၀ ရက်နေ့တွင်မှစ၍ ထိရောက်သော အုပ်ချုပ်ရေးကို ဆောင်ရွက်ခဲ့လေသည်။

မေယု နယ်ခြားခရိုင်သည် အရှေ့ပါကစ္စတန်နှင့် မြန်မာနိုင်ငံ စပ်ကြားတွင် တည်ရှိသည်။ နတ်မြစ်အားဖြင့် နယ်နိမိတ် သတ်မှတ် ထားလျက်ရှိသည်။ မေယုနယ်ခြားခရိုင်သည် အနောက်ဖက် လားသော် အရှေ့ပါကစ္စတန်၊ အရှေ့ဖက်လားသော် မယူမြစ် စိုင်တင်ချောင်းအားဖြင့်ရင်း၊ တောင်ဖက်လားသော် ရခိုင်ကမ်းရိုးတန်း၊ ဘင်္ဂလား အော်တို့ဖြင့်ရင်း၊ မြောက်ဖက်လားသော် အရှေ့ပါကစ္စတန် အားဖြင့်ရင်း ပိုင်းခြားသတ်မှတ်ထား၏။ ယခင် ရခိုင်တိုင်း စစ်တွေခရိုင်အတွင်းရှိ ဘူးသီးတောင်မြို့နယ်၊ မောင်းတောမြို့နယ်နှင့် ရသေ့တောင် အနောက်မြောက်မြို့နယ်များပါဝင်သောဒေသဖြစ်သည်။ မယူတောင်တန်းကို ဗဟိုပြု၍ မယူမြစ်နှင့်နတ်မြစ်ကြားရှိ နေရာများသည် မေယုနယ်ခြားခရိုင်အတွင်း ပါဝင်



**မေမြို့-မန္တလေးသွားလမ်းမကြီးကို ဤသို့ တောင်ဆင်းတောင်တက်ကွေ့ကာကောက်ကာဖြင့် ဖောက်လုပ်ထားသည်။**

www.foreverspace.com.mm

လေသည်။ မေယုနယ်ခြားခရိုင်သည် တောအထပ်ထပ်၊ တောင်အလျှိုလျှို၊ မြစ်ချောင်းအင်းအိုင်များဖြင့် ရောယှက်ဝန်းရံလျက်ရှိသော ဒေသတခုဖြစ်၏။ မြောက်ဖက်တွင် မြင့်၍၊ တောင်ဖက်သို့ ဆင်ခြေလျှော တဖြည်းဖြည်း နိမ့်ဆင်းသွားသည်။ စိုင်တင်တောင်နှင့် မယူတောင်တန်းဟူ၍ တောင်တန်းနှစ်ခုရှိပြီးလျှင်၊ မယူမြစ်နှင့် နတ်မြစ်တည်းဟူသော ထင်ရှားသည့် မြစ်နှစ်သွယ်ကလည်း မြောက်ဖက်မှ တောင်ဖက်သို့ စီးဆင်းလေသည်။

မေယုနယ်ခြား ခရိုင်တွင် လူဦးရေ ၄ သိန်းကျော် ၅ သိန်းနီးပါးရှိ၏။ များသောအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် တံငါလုပ်ငန်းများဖြင့်သာ အသက်မွေးကြသည်။ လူများစု (၇၅ ရာခိုင်နှုန်းခန့်) မှာ ရိုဟင်ဂျာ လူမျိုးဖြစ်၍ ရခိုင်၊ ဒိုင်းနက်၊ မြို၊ ခမွီး စသော တိုင်းရင်းသားလူမျိုးစုများလည်း နေထိုင်လျက်ရှိသည်။ ရိုဟင်ဂျာတို့သည် အစ္စလာမ်အယူဝါဒီများဖြစ်၏။ ရခိုင်လူမျိုးများကားဗုဒ္ဓအယူဝါဒီများဖြစ်၍ ကျန်လူမျိုးစုများသည် နတ်များကို ကိုးကွယ် ဆည်းကပ်ကြလေသည်။ လောလောဆယ်အားဖြင့် မေယုနယ်ခြားခရိုင်ဌာနချုပ်ကို မောင်းတောမြို့တွင် ဖွင့်လှစ်ထားသည်။ ရခိုင်တပ်ပေါင်းစုမှူးသည် မေယုနယ်ခြားခရိုင်၏ လုံခြုံရေး၊ ကာကွယ်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်ရန်အတွက် မေယုနယ်ခြားခရိုင် အထူးအုပ်ချုပ်ရေး အရာရှိအဖြစ် အာဏာကုန်လွှဲအပ်ထားခြင်း ခံရသည်။ မေယုနယ်ခြားခရိုင်တွင် အထူးသဖြင့် မောင်းတောမြို့၊ ဘူးသီးတောင်မြို့များတွင် အုပ်ချုပ်မှုဆိုင်ရာ အစိုးရရုံးများ အများအပြားရှိသည်။ ထိုအပြင် အစိုးရစာသင်ကျောင်းများလည်း ရှိသည်။ (ဘူးသီးတောင်မြို့။ မောင်းတောမြို့-လည်းရှု။)

မေယုနယ်ခြားခရိုင်ဖွဲ့စည်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းရေးတို့ ဖြစ်၏။ လောလောဆယ်အားဖြင့် မေယုနယ်ခြားခရိုင် အုပ်ချုပ်ရေးအာဏာပိုင်တို့သည် အောက်ပါအချက်များကို အဓိကထား၍ ဆောင်ရွက်လျက် ရှိကြသည်။ ယင်းတို့မှာ ဆူပူ သောင်းကျန်းနေသော မူဂျာဟစ် သူပုန်များအား ထိရောက်စွာ နှိမ်နင်းရန်၊ တရားဥပဒေ အပြင်ဖက်မှ နည်းအမျိုးမျိုးဖြင့် ဆိုးသွမ်းလျက်ရှိသော စီးပွားရေး သောင်းကျန်းသူများနှင့် လာဘ်ပေးလာဘ်ယူ ကိစ္စများကို ထိရောက်စွာ အရေးယူရန်၊ နယ်ခြားဒေသများတွင် တွေ့ကြုံရမြဲဖြစ်သည့် တရားဥပဒေမဲ့ ဝင်ရောက်လာသူများအား နိုင်နင်းစွာ တားဆီးပိတ်ပင်ရန်၊ မေယုနယ်ခြားခရိုင်တွင် လူမျိုးရေးအားဖြင့်ဖြစ်စေ၊ အယူဝါဒရေးအားဖြင့်ဖြစ်စေ ခွဲခြားမှုမရှိဘဲ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေးကို အဓိကထား တရားမျှတစွာ အုပ်ချုပ်သွားရန်၊ နိုင်ငံအစိုးရ၏ ချမှတ်ထားသောဝါဒအရ အိမ်နီးချင်း နိုင်ငံဖြစ်သည့် ပါကစ္စတန်အစိုးရနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်ရန် အစွမ်းကုန်ဆောင်ရွက်ရန်၊ မေယုနယ်ခြားခရိုင်တွင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး တိုးတက်ကောင်းမွန် လာသည်နှင့်အမျှ အထူးလိုအပ်လျက်ရှိသော တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆက်လက် လုပ်ကိုင်သွားရန်၊ နယ်ခြားဒေသို့ သွားရောက် အမှုထမ်းကြသည့် အမှုထမ်းများသည် လေးလေးနက်နက်ပြုပြင်၍ အတတ်နိုင်ဆုံးသံတမန်စိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားရန်၊ ပြည်ထောင်စုအစိုးရ ပို့ထားသော အမှုထမ်း အရာထမ်းများ အားလုံးသည် နယ်ခြားဒေသ အုပ်ချုပ်ရေး၏ဦးဆောင်မှု အောက်တွင် တစည်းတလုံးတည်း စုပေါင်းကြ၍ ပြဿနာ အရပ်ရပ်ကို ညီညာစွာ ရင်ဆိုင်ဖြေရှင်းသွားရန် စသည်တို့ ဖြစ်လေသည်။

မေယုနယ်ခြားခရိုင်ကို ဤသို့ နယ်ခြားဒေသ အုပ်ချုပ်ရေးဌာနမှ တိုက်ရိုက်အုပ်ချုပ်လာခဲ့ရာ၊ ယခုအခါတွင် အခြေအနေများ တိုးတက် ကောင်းမွန်လာသည်။ ထို့ကြောင့် မေယုနယ်ခြားခရိုင်ကို စစ်တွေခရိုင် အတွင်းသို့ ပြန်လည် သွတ်သွင်းပြီးလျှင် ပြည်ထဲရေးဌာန၏ အုပ်ချုပ်မှုလက်အောက်သို့ ပြန်လည်ထားရှိရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့၏။ မေယုနယ်ခြား ခရိုင်ကို နယ်ခြားဒေသ အုပ်ချုပ်ရေး လက်အောက်မှ ပြည်ထဲရေးဌာန လက်အောက်သို့ ၁၉၆၄ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် လွှဲပြောင်းပေးခဲ့လေသည်။

**မေရီလန်ပြည်နယ်** ။ ။မေရီလန်ပြည်နယ်သည် အမေရိကန်ပြည်ထောင်စုနိုင်ငံ၏ မူရင်းတဆယ်သုံးပြည်နယ်တွင် အပါအဝင်ဖြစ်၍ အတ္တလန္တိတ်ကမ်းခြေ၊ ချက်စပိပင်လယ်အော်တလျှောက်တွင် တည်ရှိသည်။ မေရီလန်ပြည်နယ်၏ မြောက်ဖက်တွင် ပင်ဆီလဗေးနီးယားပြည်နယ်၊ အရှေ့ဖက်တွင် ဒဲလဝဲယားပြည်နယ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာ၊ တောင်ဖက်တွင် ဗာဂျင်းနီးယားပြည်နယ်၊ အနောက်ဖက်တွင် အနောက် ဗာဂျင်နီးယားပြည်နယ်တို့ အသီးအသီးတည်ရှိ၏။ အကျယ်အဝန်းမှာ ၁၀,၅၇၇ စတုရန်းမိုင် ဖြစ်၏။ ပြည်နယ်၏ရုံးစိုက်မြို့မှာ အန္နပေါလစ်ဖြစ်၍ အခြားမြို့ကြီးများကား ဗောလတီမိုး၊ ကမ်ဗာလန်၊ ဟေးဂါးစတောင်းတို့ ဖြစ်သည်။

မေရီလန်ပြည်နယ်ကို သဘာဝအပိုင်းအခြားအားဖြင့် ၃ ပိုင်း ပိုင်းခြားနိုင်သည်။ ယင်းတို့မှာ ကမ်းမြောင် မြေပြန့်ဒေသ၊ ပီးဒမွန့်ကုန်းပြင်မြင့်နှင့် အက်ပလက်ချီယန် ဒေသတို့ ဖြစ်၏။ ကမ်းမြောင် မြေပြန့်ဒေသသည် မေရီလန်ပြည်နယ်၏ အရှေ့ပိုင်းတခြမ်းဖြစ်၏။ လူဖြူတို့ ဦးစွာအခြေစိုက်ရာဒေသလည်း ဖြစ်၏။ ရေမြေကျယ်ပြန့်သောကြောင့် ကုန်သွယ်ရန်နှင့် ငါးဖမ်းရန်အပြင် သီးနှံစိုက်ပျိုးရန်ကောင်းသော ဒေသဖြစ်လေသည်။ တောင်ဖက်ပိုင်းတွင် ဆေးပင်စိုက်ပျိုး